မြန်မာနိုင်ငံ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း

# သန်းခေါင်စာရင်းရွှေ့ပြေးလူဦးရေစာရင်းများနှင့်ပတ်သက်၍ သင်သိသင့်သောအချက်များ




လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
ပြည်သူ့အင်အားဦးစီးဌာန



# နိဒါန်း

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံသန်းခေါင်စာရင်း၏ ရွှေ့ပြောင်းလူဦးရေစာရင်းများကို ၂၀၁၄ခုနှစ် ဩဂုတ်လအတွင်း ထုတ်ပြန်မည်ဖြစ်ပါသည်။ ဤစာရင်းမှာ ၂၀၁၄ ခုနှစ် မတ်လ နှင့် ဧပြီလများအတွင်း နိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက်ခဲ့သည့် လူဦးရေသန်းခေါင်စာရင်း ကောက်ယူခဲ့ခြင်းလုပ်ငန်းမှ ရရှိသောစာရင်း ဖြစ်ပါသည်။ ကောက်ယူခဲ့သော အချက်အလက်များအား မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်နေကြောင်းနှင့် မည်သည့်အချိန်တွင် သန်းခေါင်စာရင်းရလဒ်များ သိရှိနိုင်မည်ကို သင်သိလိုပေလိမ့်မည်။ ပြည်သူ့အင်အားဦးစီးဌာနသည် သင်တို့သိရှိလိုသော မေးခွန်းများကို ဖြေကြားပေးရန် အတွက် မေးခွန်းနှင့်အဖြေများ စုစည်းပြင်ဆင် ထားပါသည်။



၁။ ကျွန်ုပ်တို့သည် ၂၀၁၄ ခုနှစ် မတ် နှင့် ဧပြီလများအတွင်း သန်းခေါင်စာရင်း ကောက်ယူရာတွင် ပါဝင်ခဲ့ပါသည်။ သန်းခေါင်စာရင်းရလဒ်များကို မည်သည့်အချိန်တွင် ထုတ်ပြန်မည်ကို သိလိုပါသည်။

သန်းခေါင်စာရင်း ရရှိလာသော အချက်အလက်များကို အဆင့် ၃ ဆင့်ဖြင့် ထုတ်ပြန်ပါမည်။

၁. ရွှေ့ပြောင်းလူဦးရေစာရင်း - ၂၀၁၄ ခုနှစ် ဩဂုတ်လတွင်လည်းကောင်း၊

၂. ပင်မအစီရင်ခံစာ - ၂၀၁၅ ခုနှစ် မေလတွင်လည်းကောင်း၊

၃. သက်ဆိုင်ရာ အကြောင်းအရာအလိုက် အသေးစိတ်အစီရင်ခံစာများနှင့် အခြား သန်းခေါင်စာရင်းရလဒ်များကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလနောက်ပိုင်းတွင် လည်းကောင်း ထုတ်ပြန်သွားမည် ဖြစ်သည်။ ပြည်သူ့အင်အားဦးစီးဌာနသည် အချက်အလက်များအား စုစည်းပြုစုတွက်ချက်ပြီးသည်နှင့်သတင်းထုတ်ပြန်မည့်ရက်ကို အတိအကျကြေငြာပေးမည်ဖြစ်သည်။ အချက်အလက်များအားတရားဝင်ထုတ်ပြန်ခြင်း မပြုမီ ထုတ်ပြန်မည့်နေ့ရက်ထက် ရက်သတ္တပါတ် အနည်းငယ် စော၍ ကြိုတင် ကြေငြာပေးပါမည်။

# ရွှေ့ပြောင်းလူဦးရေစာရင်း

၁.	ရွှေ့ပြောင်းလူဦးရေစာရင်း - ၂၀၁၄ ခုနှစ် ဩဂုတ်လတွင်လည်းကောင်း၊

၂.	ပင်မအစီရင်ခံစာ - ၂၀၁၅ ခုနှစ် မေလတွင်လည်းကောင်း၊

၃.	သက်ဆိုင်ရာ အကြောင်းအရာအလိုက် အသေးစိတ်အစီရင်ခံစာများနှင့် အခြား သန်းခေါင်စာရင်းရလဒ်များကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလနောက်ပိုင်းတွင်လည်းကောင်း ထုတ်ပြန်သွားမည် ဖြစ်သည်။

ပြည်သူ့အင်အားဦးစီးဌာနသည် အချက်အလက်များအား စုစည်းပြုစုတွက်ချက်ပြီးသည်နှင့် သတင်းထုတ်ပြန်မည့်ရက်ကို အတိအကျကြေငြာပေးမည် ဖြစ်သည်။ အချက်အလက်များအား တရားဝင်ထုတ်ပြန်ခြင်းမပြုမီ ထုတ်ပြန်မည့်နေ့ရက်ထက် ရက်သတ္တပါတ် အနည်းငယ်စော၍ ကြိုတင်ကြေငြာပေးပါမည်။

၁.	ရွှေ့ပြောင်းလူဦးရေစာရင်းများကို ကြေညာရန် အဘယ်ကြောင့် အချိန် ၄လ ကြာမြင့်ရပါသလဲ။

သန်းခေါင်စာရင်းမကောက်ယူမီ မြန်မာနိုင်ငံအား စာရင်းကောက်ကွက်ပေါင်း ၈၁၇၄၄ ကွက် ကြိုတင်ခွဲခြားထားပါသည်။ စာရင်းကောက်ကွက်ဆိုသည်မှာ စာရင်းကောက်တစ်ဦး



တာဝန်ယူကောက်ယူရမည့် နယ်နိမိတ်သတ်မှတ်ထားသော ဧရိယာတစ်ခု ဖြစ်ပါသည်။ စာရင်းကောက်သူတစ်ဦးသည် အိမ်ထောင်စု တစ်စုချင်းစီမှ အချက်အလက်များကို ကောက်ယူပြီးနောက် မြန်မာနိုင်ငံအတွင်း သန်းခေါင်စာရင်း ရည်ညွှန်းချိန်၌ ရှိနေသော အရေအတွက်ကို ကျား၊မ ခွဲ၍ စာရင်းကောက်ကွက် စာရင်းချုပ်ပုံစံတွင် လူဦးရေဖြည့်သွင်း ရပါသည်။ စာရင်းကောက်ကွက် တစ်ခုစီအတွက် စာရင်းချုပ်ပုံစံတစ်ရွက်စီ ဖြည့်စွက် ရပါသည်။ ယင်းစာရင်းချုပ် ပုံစံသည် မေးခွန်းပုံစံများအပြင် သီးခြားဖြည့်စွက်ရသော မှတ်တမ်းစာရွက်များဖြစ်ပါသည်။ ယင်းပုံစံအားလုံးကို မေးခွန်းပုံစံများနှင့်အတူ ကွင်းဆင်း စာရင်းကောက်ယူခဲ့သည့် နေရာများမှ နေပြည်တော်ရှိ ပြည်သူ့အင်အားဦးစီး ဌာနသို့ ပြန်ပို့ပါသည်။

ထိုပုံစံများကို စစ်ဆေးပြီးနောက် ပုံစံတစ်ခုချင်းစီ၏ စာရင်းချုပ်များကို ကွန်ပျူတာ စနစ်ထဲသို့စာရင်းဖြည့်သွင်းပါသည်။ အစီရင်ခံစာပြုစုခြင်း၊ ပြန်လည်ဆန်းစစ်ခြင်း၊ ဘာသာ ပြန်ခြင်းနှင့် ပုံနှိပ်ခြင်းများ မဆောင်ရွက်မီ ကွန်ပျူတာစနစ်ထဲသို့ ဖြည့်သွင်းပြီးသော ကိန်း ဂဏန်းများအား မှန်မမှန် ပြန်လည်စစ်ဆေးရပါသည်။ စာရင်းအင်း အရည်အသွေး ကောင်းမွန်စေရန်အတွက် ပြန်လည်စစ်ဆေးခြင်းများ အဆင့်ဆင့်ပြုလုပ်ရသဖြင့် ယင်း လုပ်ငန်းသည် အလွန်အချိန်ပေးရသောလုပ်ငန်းစဉ်ဖြစ်ပါသည်။ နိုင်ငံတကာ အတွေ့ အကြုံများအရ ရှေ့ပြေးလူဦးရေစာရင်းကို ထုတ်ပြန်ရန်မှာ ၃လ မှ ၄လ အထိ ကြာမြင့် ပါသည်။

## ၂. ရှေ့ပြေးလူဦးရေစာရင်းအချက်အလက်များကို မည်သည့်ရင်းမြစ်များမှ ရရှိပါသလဲ။

ရှေ့ပြေးလူဦးရေစာရင်းသည် စာရင်းကောက်ကွက် တစ်ခုစီ၏ စာရင်းချုပ်ပုံစံများမှ ရရှိ ပါသည်။ ထိုပုံစံများကို စာရင်းကောက်များက ကွင်းဆင်းဆောင်ရွက်စဉ် ဖြည့်သွင်းပြီး စာရင်းစစ်များက မှန်မမှန် စစ်ဆေး အတည်ပြုပါသည်။ ယင်းစာရင်းချုပ်ပုံစံသည် စာရင်း ကောက်တစ်ဦးမှ သန်းခေါင်စာရင်းကောက်ယူစဉ် ကာလအတွင်း သန်းခေါင်စာရင်း ရည်ညွှန်းချိန်တွင်ရှိသော အိမ်ထောင်စုပုံစံဖြင့် နေထိုင်သောလူဦးရေနှင့် အဖွဲ့ စည်းပုံစံဖြင့် နေထိုင်သောလူဦးရေ ကျား/မ စုစုပေါင်းတို့ ပါဝင်သည်။ နေပြည်တော်ရှိ ပြည်သူ့အင်အား ဦးစီးဌာနတွင်စာရင်းကောက်ကွက်တစ်ကွက်စီ၏စာရင်းချုပ်ပုံစံများမှအချက်အလက်များ ကို ကွန်ပျူတာစနစ်ထဲသို့ ဖြည့်သွင်းပြီး ဆန်းစစ်လေ့လာရပါသည်။

## ၃. ရှေ့ ပြေးလူဦးရေစာရင်းတွင် မည်သည့် အချက်အလက်များကို ထုတ်ပြန်မည်နည်း။

၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်း ထုတ်ပြန်မည့် ရှေ့ ပြေးလူဦးရေစာရင်းတွင် ပြည်နယ်၊




တိုင်းဒေသကြီး၊ ခရိုင်/ မြို့နယ် အဆင့်အထိ အုပ်ချုပ်မှုဒေသအလိုက် အိမ်ထောင်စု၊ ကျား၊ မ စုစုပေါင်း လူဦးရေများ ပါဝင်မည်။ ထိုစာရင်းများတွင် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် မြို့တော်ကြီးများနှင့် ပြည်နယ်၊ တိုင်းဒေသကြီး မြို့တော်၏ လူဦးရေကိန်းဂဏန်းများကို လည်း ဖော်ပြပါမည်။ ကျန်လူဦးရေဆိုင်ရာ အချက်အလက်များကို ပင်မအစီရင်ခံစာတွင် ဖော်ပြပြီး ၂၀၁၅ ခုနှစ် မေလတွင် ထုတ်ပြန်မည်။ ဆက်လက်၍ အိမ်အကြောင်းအရာ၊ ပညာရေး၊ မီးခင်နှင့် တစ်နှစ်အောက်ကလေး သေဆုံးနှုန်း၊ စသောခေါင်းစဉ်များ အပါအဝင် မေးခွန်းပုံစံတွင်ပါရှိသည့်အကြောင်းအရာများကို သက်ဆိုင်ရာကဏ္ဍအလိုက် အသေးစိတ် ဆန်းစစ်လေ့လာမှုများ ပြုလုပ်ပြီးနောက် အစီရင်ခံစာများကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှ စတင် ထုတ်ပြန်သွားမည်။

၄. ရွှေ့ပြောင်းလူဦးရေစာရင်းထုတ်ရန် ပုံရိပ်ဖတ်ဖို့ လိုပါသလား၊ ပုံရိပ်ဖတ်ခြင်းကို မည်သည့်အတွက် ဆောင်ရွက်ရပါသနည်း။

ရွှေ့ပြောင်းလူဦးရေစာရင်းအတွက် အချက်အလက်များကို စာရင်းကောက်ကွက် စာရင်းချုပ် ပုံစံများမှ ရရှိပါသည်။ ထိုပုံစံများကို ပုံရိပ်ဖတ်ခြင်း မပြုလုပ်ပါ။ ပုံစံပါ အချက်အလက်များကို အော်ပရေတာများမှ ကွန်ပျူတာစနစ်ထဲသို့ ထည့်သွင်းပါသည်။ မေးခွန်းပုံစံမှ အချက် အလက်များ ပုံရိပ်ဖတ်ခြင်းလုပ်ငန်းစဉ်သည် ပင်မ သန်းခေါင်စာရင်း အစီရင်ခံစာအတွက်



ဖြစ်ပြီး လနှင့်ချီ၍ ကြာမြင့်မည် ဖြစ်ပါသည်။ မေးခွန်းပုံစံ တစ်ဆယ့်တစ်သန်းခန့်ကို ပုံရိပ်ဖတ်ရမည်ဖြစ်၍ ၂၀၁၄ ခုနှစ် နိုဝင်ဘာလထိ ကြာမြင့်မည်ဖြစ်ပါသည်။ ထို့နောက် စာရင်းဇယားများမပြုစုမီ ရရှိလာသည့်အချက်အလက်များ ညီညွတ်မှန်ကန်မှု ရှိ၊မရှိ ဆန်းစစ်လေ့လာမှုများပြုလုပ်ပြီး မှန်ကန်မှုရှိမှသာ ထုတ်ပြန်မည်ဖြစ်ပါသည်။

## ၅. ရွှေ့ပြောင်းလူဦးရေစာရင်းများမှာ ပင်မအစီရင်ခံစာပါ စာရင်းများနှင့် တူညီပါမည်လား။

စာရင်းနှစ်မျိုးမှာ အလုံးစုံ ထပ်တူညီနေမည် မဟုတ်ပါ။ ရွှေ့ပြောင်းလူဦးရေစာရင်းနှင့် ပင်မအစီရင်ခံစာပါ လူဦးရေစာရင်းများ အနည်းငယ်ခြားနားမှု ရှိတတ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ရွှေ့ပြောင်းလူဦးရေစာရင်းမှာ စာရင်းကောက်များ ကွင်းဆင်းဆောင်ရွက်စဉ် ဖြည့်သွင်းခဲ့သည့် စာရင်းချုပ်များ စုစည်းခြင်းမှရရှိပြီး စာရင်းကောက်များ၏ မှားယွင်းရေးသွင်းမှု အချို့ ရှိနိုင်ပေသည်။ မေးခွန်းပုံစံများမှ အချက်အလက်များကို စာရင်းချုပ်ပုံစံများသို့ ကူးယူဖြည့်သွင်းရာတွင် မှားယွင်းစွာ ရေးသွင်းမိသည့် အမှားမျိုး ဖြစ်တတ်ပါသည်။

ပင်မအစီရင်ခံစာအတွက် မေးခွန်းပုံစံများထဲ၌ အသေးစိတ် ဖေါ်ပြထားသော အိမ်ထောင်စုနှင့် လူဦးရေဆိုင်ရာ အချက်အလက်များကို ကွန်ပျူတာစနစ်ဖြင့် ထည့်သွင်းရေတွက်သည်။ ဆိုလိုသည်မှာ ကွန်ပျူတာစနစ်ကို အသုံးပြု၍ အလိုအလျောက်စနစ်ဖြင့် ပေါင်းခြင်းဖြစ်သဖြင့် ကိန်းဂဏန်းအားလုံး၏ပေါင်းလဒ်သည် တိကျမှန်ကန်ပေလိမ့်မည်။

ထို့ကြောင့် ရွှေ့ပြောင်းလူဦးရေစာရင်းနှင့် ပင်မအစီရင်ခံစာကြားတွင် ခြားနားမှုရှိနိုင်သည်ကို နားလည်ထားရန် အရေးကြီးပါသည်။ ပင်မအစီရင်ခံစာဟု ခေါ်ဆိုသည့်အတိုင်း ထို အစီရင်ခံစာမှာ နောက်ဆုံး အတည်ပြုကိန်းဂဏန်း ဖြစ်ပါမည်။ ၂၀၁၅ ခုနှစ် မေလတွင် ထုတ်ပြန်သည့်အခါ ပင်မအစီရင်ခံစာပါ အချက်အလက်များသည်သာ အတည်ဖြစ်ပါလိမ့်မည်။ ဤသည်မှာ ကမ္ဘာတစ်ဝန်းသန်းခေါင်စာရင်းလုပ်ငန်းများ၏သဘောသဘာဝပင် ဖြစ်ပါသည်။

## ၆. ရွှေ့ပြောင်းလူဦးရေစာရင်းများကို မည်သို့ ထုတ်ပြန်မည်နည်း။

ရွှေ့ပြောင်းလူဦးရေစာရင်း အစီရင်ခံစာကို စာရင်းဇယားပုံစံများဖြင့် ပုံနှိပ်ထုတ်ဝေပါမည်။ ထို့ပြင် အီလက်ထရောနစ် စနစ်ဖြင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် ပြည်သူ့အင်အား ဦးစီးဌာနတို့၏ ဝက်ဘ်ဆိုက် နှစ်ခုလုံးတွင်လည်း တင်ထားပါမည်။ ဆိုလိုသည်မှာ မည်သူမဆို သို့မဟုတ် မည်သည့်အဖွဲ့အစည်းမဆို လိုအပ်ပါက အစီရင်ခံစာကို ဝက်ဘ်ဆိုက်တွင် ကြည့်ရှုလေ့လာနိုင်ပြီး ကူးယူနိုင်ပါသည်။ ရွှေ့ပြောင်းအစီရင်ခံစာကို ၂၀၁၄ ခု ဩဂုတ်လ နောက်ဆုံးပတ်တွင် ထုတ်ပြန်ကြေငြာသွားမည်ဖြစ်ပါသည်။ ရလဒ်များကို ပြည်သူလူထု ထံသို့ မီဒီယာအမျိုးမျိုး အသုံးပြု၍လည်းကောင်း၊ အစည်းအဝေးများ ကျင်းပ၍လည်း ကောင်း ဖြန့်ဝေပေးပါမည်။ ထို့ပြင် ကဏ္ဍပေါင်းစုံ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အပါအဝင် မြို့နယ်အဆင့်အထိ အချက်အလက် အသုံးပြုမည့်သူများထံသို့ ရောက်ရှိနိုင်ရန် ဆောင်

# ပင်မသန်းခေါင်စာရင်းရလဒ်များ



ရှက်ပါမည်။ အစီအစဉ်တကျ အပြန်အလှန် ဆွေးနွေးတိုင်ပင်မှုများကို အဆင့်တိုင်းတွင် ဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထုမှ ရလဒ်များအပေါ် နားလည်သဘောပေါက်စေမည် ဖြစ်ပါသည်။

၇. ရွှေ့ပြောင်းလူဦးရေစာရင်းကို မည်သူတို့က အသုံးပြုနိုင်မည်နည်း။


စာရင်းအင်းအချက်အလက်များကို ထုတ်ပြန်ပြီးသည်နှင့် ပြည်တွင်းပြည်ပရှိ အချက်အလက်အသုံးပြုသူ အားလုံးမှ သုံးစွဲနိုင်ပါမည်။ အသုံးပြုသူအားလုံးအတွက် အစီရင်ခံစာ အနေနှင့်၄င်း၊ ကွန်ပျူတာဖိုင်အနေနှင့်လည်းကောင်း ရရှိနိုင်ပါလိမ့်မည်။ သင်တို့ဖက်က ဆောင်ရွက်ရန်မှာ ရွှေ့ပြောင်းလူဦးရေစာရင်း အစီရင်ခံစာတွင် ဖော်ပြပါရှိသည့်အတိုင်း အချက်အလက်ရရှိသည့် ရင်းမြစ်ကို အသိအမှတ်ပြုဖော်ပြရန်သာဖြစ်သည်။

၁. ပင်မသန်းခေါင်စာရင်းရလဒ်များအတွက် မည်သည့်ရင်းမြစ်မှ အချက်အလက်များရရှိပါသလဲ။



၂၀၁၅ ခုနှစ် မေလတွင် ထုတ်ပြန်မည့် ပင်မသန်းခေါင်စာရင်း ရလဒ်များကို စာရင်းကောက်များမှအိမ်ထောင်စုနှင့်စုပေါင်းနေထိုင်ရာအဖွဲ့အစည်းများတွင်မေးမြန်းကောက်ယူခဲ့သည့် သန်းခေါင်စာရင်း မေးခွန်းပုံစံများမှ ရရှိပါသည်။ မေးခွန်းပုံစံအားလုံးကို ကွင်းဆင်းဆောင်ရွက်ကြသည့် နေရာများမှ နေပြည်တော်ရှိ ပြည်သူ့အင်အားဦးစီးဌာနသို့ ၂၀၁၄ ခုနှစ် မေလဆန်းပိုင်းတွင် ပြန်ပို့ပေးခဲ့ပါသည်။ ထိုမေးခွန်းပုံစံများကို ယခုအချိန်တွင် state-of-the-art ပုံရိပ်ဖတ်စက်များကို အသုံးပြု၍ ပုံရိပ်ဖတ်ခြင်းကို ဆောင်ရွက်နေပါသည်။ ကိန်းဂဏန်း အချက်အလက်များအား စာရင်းဇယားပြုစုရာတွင် မြန်ဆန်စေရန်ရည်ရွယ်၍ ထိုပုံရိပ်ဖတ်စက်များကို အသုံးပြုခြင်းဖြစ်ပြီး ရလဒ်များကို အချိန်များစွာမကြာမြင့်ဘဲ ထုတ်ပြန်ပေးနိုင်မည်ဖြစ်သည်။ ပုံရိပ်ဖတ်ခြင်းလုပ်ငန်းမှာ ၂၀၁၄ခုနှစ် နိုဝင်ဘာလတွင် ပြီးစီးမည်ဖြစ်၍ အချက်အလက်များ ဆန်းစစ်လေ့လာခြင်းနှင့် သန်းခေါင်စာရင်း၏ ပင်မရလဒ်များ စုစည်းပြုစုခြင်းတို့ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

## ၂. သန်းခေါင်စာရင်းရလဒ်များကို အဘယ်ကြောင့် အဆင့်များခွဲ၍ ထုတ်ပြန်ပါသလဲ။



မူဝါဒချမှတ်သူများ၊ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲသူများ၊ ပုဂ္ဂလိကကဏ္ဍ၊ သုတေသနပညာရှင်များနှင့် ပြည်သူလူထုတို့မှ ယုံကြည်စိတ်ချရ၍ တိကျသေချာပြီး အချိန်နှင့်တစ်ပြေးညီဖြစ်သည့်အချက်အလက်များကိုလိုအပ်နေပါသည်။ အချို့အချက်အလက်များကို ဆန်းစစ်လေ့လာရန် အချိန်ကြာမြင့်မည်ဖြစ်၍ ရလဒ်များရရှိလာသည့်အချိန်က အစိုးရ၊ ပြည်သူလူထုနှင့် အခြားအချက်အလက် သုံးစွဲလိုသူများအသုံးပြုနိုင်ရန် ထုတ်ပြန်ပေးနိုင်ပါလိမ့်မည်။ သန်းခေါင်စာရင်း ကိန်းဂဏန်း အချက်အလက်အားလုံးကို အပြီးဆန်းစစ်ရန်မှာ အချိန်များစွာ လိုအပ်ပါသည်။ ထို့ကြောင့်အဆင့်ဆင့် ထုတ်ပြန်ပေးခြင်းဖြင့် ရရှိလာသည့် အချက်အလက်များကို အစိုးရ၊ ဒေသခေါင်းဆောင်များ၊ ပြည်သူလူထုနှင့် အခြားအချက်အလက်သုံးစွဲလိုသူများမှ အသုံးပြုနိုင်ခြင်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်း အစီအစဉ်များရေးဆွဲရန် အရေးကြီး သောအချက်အလက်များ စောင့်ဆိုင်းရသည့်အချိန်ကို လျော့နည်းစေနိုင်ပါသည်။

## ၃. ရုံးတွင် မေးခွန်းပုံစံများကို စစ်ဆေးနေစဉ် အချက်အလက်များကို ပြောင်းလဲနိုင်ပါသလား။

ပုံရိပ်ဖတ်စက်မှ ကောင်းစွာမှတ်သားဖတ်ယူနိုင်ရန်အတွက် အမှတ်အသားများအား ပုံရိပ်ဖတ်နိုင်မည့်အကွက်ထဲတွင် နေရာတကျရှိစေရန် ထိမ်းညှိပေးခြင်းကိုသာ လုပ်ဆောင်နိုင်




ပါသည်။ အထူးသင်ကြားလေ့ကျင့်ထားသော ဝန်ထမ်း (၇၀)ဦးက မေးခွန်းလွှာအားလုံးကို မျက်မြင် ကြည့်ရှုစစ်ဆေးပါသည်။ အချို့သော မေးခွန်းများတွင် အမှတ်အသား သို့မဟုတ် ဂဏန်းကို အကွက်ထဲတွင် ကောင်းစွာဖြည့်သွင်းထားခြင်း မရှိသည့်အတွက် ထိုအမှတ်အသားကို မှန်ကန်စွာ ပြန်လည်ရွှေ့ပေးရခြင်းမျိုးသာ ရှိပါသည်။ ထိုသို့ ပြင်ဆင်မှုများ အားလုံးကို စစ်ဆေးသည့်အရာရှိမှ ပြန်လည်စစ်ဆေးသိရှိနိုင်ပါသည်။

### ၄. ပုံရိပ်ဖတ်လုပ်ငန်းစဉ်ပြီးဆုံးချိန်တွင် အချက်အလက်များကို ပြောင်းလဲနိုင်ပါသလား။

မပြောင်းနိုင်ပါ။ မေးခွန်းပုံစံများကို ပုံရိပ်ဖတ်ပြီးသည်နှင့် မည်သည့်အပြောင်းအလဲကိုမျှ မပြုလုပ်နိုင်ပါ။ အကယ်၍ လက်ရေးလက်သားမကောင်းသောကြောင့် ကွန်ပျူတာက စာလုံးကိုမဖတ်နိုင်ပါက ကွန်ပျူတာဖန်သားပြင်တွင် ထိုစာလုံးပေါ်၌ မီးလင်း၍ အချက်ပြမည်ဖြစ်ပြီး ကွန်ပျူတာအော်ပရေတာက မည်သည့်စာလုံး ဖြစ်သင့်သည်ကို အတည်ပြုပေးပါမည်။ ဥပမာ ကွန်ပျူတာက လက်ရေးဖြင့်ရေးထားသော ဂဏန်းကို 3 သို့မဟုတ် 8 ဖြစ်ကြောင်း မသေချာပါက ကွန်ပျူတာအော်ပရေတာက မည်သည့်ဂဏန်း ဖြစ်သင့်သည်ကို အတည်ပြုပေးမည်။ အော်ပရေတာက ဂဏန်းအမှန်ကို မဆုံးဖြတ်နိုင်ပါက ကြီးကြပ်သူထံ ထိုစာလုံးကိုပို့၍ အတည်ပြုချက် ရယူနိုင်သည်။ ထို မီးလင်းအချက်ပြမှုစနစ်မှာ ကွန်ပျူတာစနစ်မှ အလိုအလျောက် ဆောင်ရွက် ပေးခြင်းဖြစ်သည်။

# အခြားမေးခွန်းများ



၅. အကယ်၍ ပုံရိပ်ဖတ်စက် ပျက်သွားပါက မည်သို့ဖြစ်မည်နည်း။ အချက်အလက်များကို လက်ဖြင့် ဖြည့်သွင်း မည်လား။

မဖြည့်သွင်းပါ။ ပုံရိပ်ဖတ်ရန် စက် ၈ လုံးရှိနေပြီး တစ်ပြိုင်နက် အလုပ်လုပ်နေကြပြီး အပိုတစ်လုံးကို အရန်အဖြစ်ထားရှိပါသည်။ ဖြစ်ခဲလှသည့် စက်ချို့ယွင်းမှုရှိခဲ့လျှင် ပြုပြင်ပေးနိုင်ရန် ပြည်တွင်းနည်းပညာကုမ္ပဏီတစ်ခုမှ ကောင်းစွာသင်ကြားလေ့ကျင့်ထားသော ကျွမ်းကျင်ပညာရှင်များ အချိန်ပြည့်ထားရှိပေးထားပါသည်။ ပြည်တွင်း ကျွမ်းကျင်ပညာရှင်များကို ပုံရိပ်ဖတ်စက်များနှင့် ပုံရိပ်ဖတ်ကွန်ပျူတာစနစ်ကို ရောင်းချပေးသည့် နိုင်ငံတကာကုမ္ပဏီ၏ အင်ဂျင်နီယာများက လေ့ကျင့်သင်ကြားပေး ထားပါသည်။ ပြည်တွင်းကျွမ်းကျင်ပညာရှင်များက ပြဿနာကို မဖြေရှင်းနိုင်လျှင် နိုင်ငံတကာကုမ္ပဏီ၏ အင်ဂျင်နီယာအဖွဲ့မှ စက်များကို အဝေးမှလှမ်း၍ စစ်ဆေးပြီး ပြဿနာကို ရှာဖွေဖော်ထုတ်ကာ ပြည်တွင်း အတတ်ပညာရှင်များနှင့်အတူ ပြင်ဆင်ပေးနိုင်သည်။ ထို့ကြောင့် ပုံရိပ်ဖတ်စက်များနှင့် ပတ်သက်သည့် ပြဿနာများ ရှိလာနိုင်ခြေ အလွန်နည်းပါးပါသည်။

၁. မေးခွန်းလွှာများပေါ်တွင် ဘောပင်/မင်တံအသုံးမပြုဘဲ ခဲတံကို အဘယ်ကြောင့်

အသုံးပြုရပါသလဲ။

သန်းခေါင်စာရင်းမေးခွန်းပုံစံများကို ဖြည့်သွင်းရာတွင် အာရုံစူးစိုက်မှုကို လိုအပ်ပါသည်။ မှန်ကန်သော နေရာ၊ အကွက်ထဲတွင် ဖြည့်သွင်းမထားသော အမှတ်အသားကို ကွန်ပျူတာက ဖတ်ယူနိုင်မည်မဟုတ်ပါ။ သို့မဟုတ်အမှားဖတ်ယူခြင်း ဖြစ်ပွားနိုင်ပါသည်။ စာရင်းကောက်သူတစ်ဦးသည် မေးခွန်းပုံစံဖြည့်သွင်းရာတွင် အမှားပြုလုပ်မိနိုင်ပါသည်။ ထိုအခါ ပြန်ဖျက်ပြီး အမှန်ကို ပြန်ဖြည့်ရန်လိုပါသည်။ ထို့ကြောင့် မေးခွန်းပုံစံပေါ်တွင် ပြန်ဖျက်ပြီး ပြန်လည်ပြင်ဆင်နိုင်စေခြင်းဖြင့် ပုံရိပ်ဖတ်စက်က မှန်ကန်စိတ်ချရသော အချက်အလက်များကိုဖတ်ယူနိုင်ပါမည်။ စာရင်းဇယားပြုစုချိန်တွင်ပြုလုပ်သည့်ပြင်ဆင်မှုများကိုစစ်ဆေးအတည်ပြုနိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် စစ်ဆေးသူအရာရှိမှ ပြန်လည် စစ်ဆေးပါသည်။

ဘောပင်ကို အသုံးမပြုသင့်သည့် အကြောင်းရင်းအချို့ ရှိပါသည်။ ၁) ဘောပွိုင့်ပင် သို့မဟုတ် ရီလာဘောပင်၏ချွန်ထက်သောထိပ်ဖျားက မေးခွန်းလွှာကိုပေါက်ထွက်ပျက်စီးစေနိုင်သည်။ ၂) ဘောပင်/မင်တံမှ မင်သည် ပြန်ဖျက်၍မရသောကြောင့် စာရင်းကောက်သူသည် ကွင်းဆင်းဆောင်ရွက်စဉ် အမှားပြင်ဆင်မှုကို မလုပ်နိုင်ပါ။ ၃) မင်အရည် အသုံးပြုရသော မင်တံသည် ရှုပ်ထွေးပြီး မင်ပြန့်ခြင်း၊ စွန်းထင်းခြင်းများ ဖြစ်နိုင်၍ မေးခွန်းပုံစံများ မှန်ကန်စွာ ဖြည့်စွက်ခြင်းကို အတားအဆီးဖြစ်နိုင်ပြီး အခြားစာရွက်များကိုလည်း ပျက်စီးစေနိုင်သည်။ ၄) ဂျယ်လီဘောပင်များ သည် မေးခွန်းလွှာ၏ နောက်ကျောဖက်သို့ မင်များ ပြန့်နိုင်သည်။ ထိုမှတစ်ဆင့် ပုံရိပ်ဖတ်စက်မှ အချက်အလက်အမှား များ ဖတ်ယူမှုဖြစ်နိုင်ပြီး အမှားပြင်ရခြင်းများစွာ ဖြစ်ပေါ် စေနိုင်ပါသည်။

ထိုအကြောင်းများကြောင့် သန်းခေါင်စာရင်းကောက်ယူသည့် နိုင်ငံအများစုတွင် မေးခွန်းပုံစံများကို ဖြည့်သွင်းရန် ခဲတံကို အသုံးပြုရခြင်းဖြစ်ပါသည်။

## ၂. သန်းခေါင်စာရင်း ရလဒ်များထုတ်ဝေသည့်အခါ စာအုပ်ကို ဝယ်ယူရန်လိုပါသလား။

သန်းခေါင်စာရင်းဆိုင်ရာ ထုတ်ပြန်မှုများကို အစီရင်ခံစာ စာအုပ်အနေနှင့်ဖြစ်စေ၊ ကွန်ပျူတာဖိုင် (ဝက်ဘ်ဆိုက်မှရယူရန်) အနေနှင့်ဖြစ်စေ အခမဲ့ ရရှိနိုင်ပါသည်။ အချက်အလက်သုံးစွဲသူများမှလည်း သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ အသုံးပြုခြင်းအတွက် အခကြေးငွေပေးရန် မလိုပါ။ သန်းခေါင်စာရင်းရုံးသည် ပြည်သူများ ရယူရည်ညွှန်း အသုံးပြုနိုင်ရန် တက္ကသိုလ်များ၊ စာကြည့်တိုက်များစသည့် အဖွဲ့အစည်းများသို့ သန်းခေါင်စာရင်း စာအုပ်များကို ဖြန့်ဝေပေးမည်ဖြစ်သည်။



၃.	စာရင်းဇယားပြုစုခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်နှင့်ပတ်သက်၍ ပြည်သူများက ပိုမိုလေ့လာ သိရှိလိုပါက မည်သို့သိရှိနိုင်မည်နည်း။

ပြည်သူ့အင်အားဦးစီးဌာနသည် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့နှင့် ပူးပေါင်း၍ နေပြည်တော်ရှိ စာရင်းဇယား ပြုစုသည့်ဌာနသို့ လေ့လာရေးအဖွဲ့များလာရောက်နိုင်ရန် စီစဉ်ပေးခဲ့ပါသည်။ ထိုလေ့လာရေး ခရီးစဉ်များသည် ၂၀၁၄ ခုနှစ် မေလတွင်စတင်ခဲ့ပြီး ပြည်တွင်းနှင့် နိုင်ငံတကာ သတင်းမီဒီယာသမားများ၊ လူမျိုးစု အဖွဲ့ဝင်များ၊ သံတမန် အသိုင်းအဝန်းမှ ပုဂ္ဂိုလ်များနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်များ ပါဝင်သည်။ ထိုသို့သော ခရီးစဉ်များအား ပုံရိပ်ဖတ်ခြင်းနှင့် စာရင်းဇယားပြုစုခြင်း လုပ်ငန်းစဉ်ဆောင်ရွက်နေစဉ်အတွင်း ဆက်လက်စီစဉ် ပေးသွားမည်ဖြစ်သည်။ ပြည်သူလူထုနှင့် အခြားစိတ်ဝင်စားသော အဖွဲ့အစည်းများအား ပြည်သူ့အင်အားဦးစီးဌာနနှင့် ကြိုတင်ချိတ်ဆက်၍ လာရောက်လေ့လာရန် တိုက်တွန်းပါသည်။ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့နှင့် ပြည်သူ့အင်အားဦးစီးဌာနတို့၏ ဝက်ဘ်ဆိုက်များတွင် သန်းခေါင်စာရင်းလုပ်ငန်းစဉ် တစ်ဆင့်ချင်းစီကို ရှင်းပြထားသော ဗီဒီယိုပြကွက်တိုများကိုလည်း ကြည့်ရှုနိုင်သည်။

၄.	ကျွန်ုပ် ထပ်မံသိရှိရန်လိုပါသေးသည်။ နောက်ထပ်အချက်အလက်များ မည်သည့်နေရာတွင် ရရှိနိုင်ပါသလဲ။

အချက်အလက်များ အသေးစိတ်ထပ်မံသိရှိလိုပါက

www.dop.gov.mm

http://myanmar.unfpa.org/census